


အတွဲ ၁ အမှတ် ၁ ဝသန်မိုး စာစောင် ဇွန်လ ၂၀၁၁

## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ (၄၈)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပခြင်း

၁၉၆၃ခုနှစ်မှစတင်၍ ဆေးသုတေသနဦးစီးဌာနလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုနှစ်၂၀၁၁ခုနှစ်တွင် (၄၈)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ နှစ်(၅၀) ရွှေရတု အကြိုအဖြစ် (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်ပါရည်ရွယ်ချက်များနှင့် ၂၇-၆-၂၀၁၁နှင့် ၂၈-၆-၂၀၁၁ နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(က) ဆေးသုတေသနသမိုင်းကြောင်းကို သိရှိ၍ အဆင့်ဆင့် တိုးတက်စေရန်ဆောင်ရွက်လာခဲ့ပုံများကို နောင်လာနောက်သားများ သင်ခန်းစာ နမူနာ ယူနိုင်ရန်။

(ခ) ဆေးသုတေသနအငွေ့အသက်၊ အစဉ်အလာအမြဲရှင်သန်၍ ပြည်သူ့အကျိုးပြုဆေးသုတေသန လုပ်ငန်းဆောင်ရွက်လိုစိတ်များ နိုးကြားတက်ကြွနေစေရန်။

အခမ်းအနားဖွင့်ပွဲကို ၂၀၁၁ခုနှစ်၊ ဇွန်လ(၂၇)ရက်၊ (တနင်္လာနေ့) နံနက်(၉:၀၀)နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ ပါသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦးနှင့် ကျန်းမာရေးဝန်ကြီး ဌာန အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်



ကြီးများ၊ အငြိမ်းစားဆေးသုတေသနပညာရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှလည်း ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြား ခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင် ဆေးသုတေသနပညာရှင် (Emeritus Medical Researcher) အဖြစ် သတ်မှတ်ဂုဏ်ပြုခြင်းခံရသော ဒေါက်တာ ဦးမြတူ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဒေါက်တာ ဦးအောင်သန်းဘတူ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဒေါက်တာဦးကိုကို (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရောဂါကာကွယ်ရေး)၊ (အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး-ငြိမ်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့)၊ (ဥက္ကဋ္ဌ-ငြိမ်း၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့)၊ ဒေါက်တာဒေါ်မြင့်မြင့်ခင် (ပါမောက္ခ/ ဌာနမှူး-ငြိမ်း၊ ဆေးပညာဌာန) နှင့် ဒေါက်တာဦးထွန်းဖေ (ညွှန်ကြားရေးမှူး-ငြိမ်း)တို့အား ဂုဏ်ပြုတံဆိပ်များပေးအပ်ချီးမြှင့်ပါသည်။

















ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် နှင့် ဧည့်သည်တော်များသည် ပြသထားသော ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ (၄၈)နှစ်ခရီး ပြည်သူ့အကျိုးပြု ဆေးသုတေသန ပိုစတာပြပွဲ၊ (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ပိုစတာ၊ ဆောင်ပုဒ်၊ ဓာတ်ပုံပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို ကြည့်ရှုအားပေးကြပြီးနောက် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဝန်ထမ်းများနှင့် အတူတကွ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူး ကြပါသည်။







ထို့ပြင် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ပိုစတာ (၁၀)ခု၊ ဆောင်ပုဒ်ပြိုင်ပွဲတွင် ဆောင်ပုဒ် (၅၂)ခုနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံ (၁၂)ပုံ ပါဝင် ယှဉ်ပြိုင်ခဲ့ကြပါသည်။ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့ပါသည်။ နံရံကပ်စာစောင်ပြပွဲတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဝန်ထမ်းများက ကဗျာ၊ စာညွှန့်၊ ဆောင်းပါး၊ ကာတွန်းများ ရေးသား ပြသကြပါသည်။









*"ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက်သာ"*



# ပညာရပ် ဖွံ့ဖြိုးရေးဆွေးနွေးပွဲ (ပထမနေ့)

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပညာရပ် ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို (၂၇-၆-၂၀၁၁) မွန်းလွဲ(၁၂:၃၀)နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)စာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒေါက်တာဦးကိုကို (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရောဂါ ကာကွယ်ရေး)၊ (အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး-ငြိမ်း၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့)၊ (ဥက္ကဌ-ငြိမ်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့)က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပါသည်။

ပညာရပ်ဖွံ့ဖြိုးရေးဆွေးနွေးပွဲတွင် ဒေါက်တာသန်းစိန် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့)က “Promotion of Research Culture”ကို လည်းကောင်း၊ ဒေါက်တာစိုးသိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ (အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဆေးပညာရှင် အဖွဲ့) က “Environment of Research Culture”ကို လည်းကောင်း၊ ဒေါက်တာခင်မေအုန်း (ပါမောက္ခ/ ဌာနမှူး-ငြိမ်း၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်)၊ (ပါမောက္ခချုပ်-ငြိမ်း၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)က “Research Capacity Development in Medical Education: Focusing on Nursing” ကိုလည်းကောင်း၊ ဒေါက်တာဖုန်းမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ (ကျွမ်းကျင်/ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန)၊ (ဧည့်ပါမောက္ခ၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်) က “Research Management in Health Planning” ကိုလည်းကောင်း၊ ဒေါက်တာနီလာတင် (ညွှန်ကြားရေးမှူး-စီမံကိန်း၊ ကျန်းမာရေးဦးစီးဌာန)က “Research Culture in Basic Health Services” ကို လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပါသည်။ စာတမ်းများဖတ်ကြားအပြီးတွင် စာတမ်းဖတ်ပွဲ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဆွေးနွေးကြပါသည်။











# ပညာရပ် ဖွံ့ဖြိုးရေးဆွေးနွေးပွဲ (ဒုတိယနေ့)

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပညာရပ်ဖွံ့ဖြိုးရေးဟောပြောပွဲ(ဒုတိယနေ့)ကို ဆက်လက်၍ (၂၈-၆-၂၀၁၁) နံနက်(၁၀:၁၀)နာရီတွင် ကျင်းပရာ ဒေါက်တာသန်းထွန်းစိန် (ညွှန်ကြားရေးမှူး-ငြိမ်း)က "Research Capacity Strengthening" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာခင်ပြုံးကြည် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) က "Responsibility, Authority and Challenges: Role of Leadership in Research" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြပါသည်။





## ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏(၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုပွဲနှင့် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုပေးပွဲ

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုပွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၂၀၁၀ပြည့်နှစ်နှင့် ၂၀၁၁ခုနှစ် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သောဝန်ထမ်း(၄)ဦး၊ ဝန်ကြီးဌာနအဆင့်အားကစားထူးချွန်ဆုရရှိခဲ့သူ ဝန်ထမ်း(၁)ဦးနှင့် ၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စာတမ်းဖတ်ပွဲတွင် သုတေသနစာတမ်း ပထမဆုရရှိခဲ့သူ ဝန်ထမ်း (၆)ဦးတို့အား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်ညွှန်ကြားရေးမှူးများက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ (၄၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပိုစတာ၊ ဆောင်ပုဒ်နှင့် ဓာတ်ပုံ ပြိုင်ပွဲကိုကျင်းပခဲ့ရာ ပိုစတာပြိုင်ပွဲတွင် ပထမဆုကို "ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု သုတေသနမှတ်တိုင်များ"ခေါင်းစဉ်ဖြင့် ဒေါက်တာစောစောနှင့်အဖွဲ့ကလည်းကောင်း၊ ဒုတိယဆုကို "ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ လူသားများအတွက် မြင့်မားသော စွမ်းဆောင်ချက်၊ အသည်းရောင် အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ဒေါ်ခင်ခင်အေးနှင့်အဖွဲ့ကလည်းကောင်း၊ တတိယဆုကို "ကိုယ်ကျိုးမဖက်၊ တိုင်းပြည်တွက် ရောဂါပိုး၏ ကြိုးပမ်းချက်" ခေါင်းစဉ်ဖြင့် ရောဂါပိုးဗေဒသုတေသနဌာနခွဲကလည်းကောင်း အသီးသီး ရရှိကြပါသည်။

ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုကို "ကျန်းမာရေးပြဿနာ အဖြေရှာ၊ လူထုထဲသို့ အရောက်သွားမှာ" ခေါင်းစဉ်ဖြင့် ဒေါက်တာမျိုးမျိုးမွန်ကလည်းကောင်း၊ ဒုတိယဆုကို "ကြည်နူးပျော်ရွှင် သွေးအစီအစဉ်၊ ပါဝင်ဆင်နွှဲ သွေးလှူပွဲ၊ ဒို့လဲလှူကြ မြတ်ဒါန" ခေါင်းစဉ်ဖြင့် ဒေါက်တာရီရီကျော်ကလည်းကောင်း၊ တတိယဆုကို "4° C ရှိ အအေးခန်း (Cold room) အတွင်း အအေးဒါဏ်ကို ကြံ့ကြံ့ခံလျက် Hepatitis B Vaccineအား ကြိုးကြိုးစားစား ထုတ်လုပ်နေပုံ" ခေါင်းစဉ်ဖြင့် ဒေါက်တာခင်လပြည့်ထွန်းကလည်းကောင်း အသီးသီး ရရှိကြပါသည်။

ဆောင်ပုဒ်ပြိုင်ပွဲတွင် ပထမဆုကို "ပြည်သူအားလုံးကျန်းမာရေး သုတေသနဦးစားပေး (Priority is research for all health)" ဆောင်ပုဒ်ဖြင့် ဦးထိန်ဝင်းကလည်းကောင်း၊ ဒုတိယဆုကို "ဆေးသုအားမာန်၊ ပြည့်ကျိုးအမှန်" ဆောင်ပုဒ်ဖြင့် ဦးစိန်မင်းကလည်းကောင်း၊ တတိယဆုကို "သုတေသန တိကျမှ၊ ရရှိကောင်းကျိုး ပြည်ဖွံ့ဖြိုး" ဆောင်ပုဒ်ဖြင့် ဦးစည်သူစိုးနိုင်ကလည်းကောင်း အသီးသီး ရရှိကြပါသည်။

ပြိုင်ပွဲဆုရရှိသူများကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင် ညွှန်ကြားရေးမှူးများက ဆုများ ပေးအပ် ချီးမြှင့်ပါသည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို (၂၈-၆-၂၀၁၁)ရက် အင်္ဂါနေ့ မွန်းလွဲ (၂:၀၀)နာရီမှ (၃:၀၀)နာရီအထိ ကျင်းပပြီး အမှတ်အများဆုံးရရှိသူ (၁၄)ဦးအား လက်ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။















ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၊ (၄၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၂၀၁၃ခုနှစ်တွင် ကျရောက်မည့် နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားကြီး၏ အကြိုအဖြစ် ကျင်းပပြုလုပ်ခြင်း ဖြစ်ပါသည်။ ယခုကျင်းပခဲ့သည့် ၄၈နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ထူးဆောင်ဆေးသုတေသန ပညာရှင် (Emeritus Medical Researcher) များ စတင်ဂုဏ်ပြုနိုင်ခဲ့ခြင်း၊ အတွေ့အကြုံ ကြွယ်ဝသည့် သုတေသီ ပညာရှင်များ၏ ပညာရပ်ဖွံ့ဖြိုးရေး ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ ၄၈နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပိုစတာ၊ ဆောင်ပုဒ်၊ ဓာတ်ပုံနှင့် ပဟေဠိ ပြိုင်ပွဲများတွင် ဝန်ထမ်းအားလုံး ညီညာတက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ဖြင့် ကျင်းပရသော ရည်ရွယ်ချက်များ ပြည့်မြောက်စွာ ခမ်းခမ်းနားနား သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါသည်။

# ဆေးသုတေသနပန်း



ဆေးသုတေသနပန်းသည်၊
မြေဆီဖွံ့ဖြိုး နေခြည်မိုး၍၊
ရေခိုးဝေလျှံ မြရိပ်ကန်မှ ရှင်သန်ခဲ့သည် မဟုတ်ပါ။

ဤဆေးသုတေသနပန်းသည်၊
မြေဆီနေချို့ ရေစိုစို့မှ၊
မာန်ဖို့ ကြိုးဆင် ပေါင်းအားအင်နှင့်၊
ရှင်လန်းဖူးပွင့်ခဲ့ပါသည်။

ရည်ရွယ်ထူးလှ မူဝါဒနှင့်၊
သိပ္ပံပညာ မြင့်မှသာလျှင်၊
ပြည်ရွာတိုင်းကျိုး တင့်ဝေဖြိုး၍၊
အမျိုးဂုဏ်ရည် တက်စေမည်ဟု၊
ယုံကြည်စိတ်ထား ရှေးသမားတို့၊
ကြိုးစားရုံးစု ဤဆေးသုကို၊
ပြုစုတည်ထောင်ခဲ့ပါသည်။

ပန်းမြတ်မမည် စံမမီသည့်၊
အညီအဟောက် ရော်ရွက်ခြောက်တို့၊
လေနောက်သို့ ကြွေလွင့်ပါစေမည်၊
ပန်းမြတ်လည်းမည် စံလည်းမီသည်၊
အဆီအစ မြရွက်နုတို့၊
ညွန့်ငုဆက်ကာ အားဖြည့်ပါသည်၊
သစ္စာဆေးပန်း လန်းပါစေ။

ဒေါက်တာရဲထွဋ်
(၃၅နှစ်မြောက် ဆေးသုတေသနဦးစီးဌာန
အထူးထုတ်စာစောင်မှ တင်ပြပါသည်။)



**ညီကြစေ**

ဆေးသုအောက်ပြည်၊
စွမ်းအားတည်လျက်၊
ညီညာကြိုးပမ်း၊ မျှော်ရည်မှန်းသည့်၊
လူတိုင်းကျန်းမာ၊ သက်ရှည်စွာနှင့်၊
ရောဂါဘေးကင်း၊ ကြံ့ခိုင်ခြင်းငှာ၊
နည်းပညာဖြင့်၊ ဝါဝါဝင့်ဝင့်၊
မြင့်မြင့်ကြွယ်ကြွယ်၊တင့်တယ်စေလျက်၊
ဘက်စုံဒေါင့်စုံ၊ကုံလုံပြည့်ဝ၊
ရွက်ဆောင်ကြစို့၊မောင်မတို့ရေ၊
ညီကြစို့လား၊ ညီစေသား။

**အောင်တိုးမင်း(LIVE)**




## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)
## (၅) ကြိမ်မြောက်ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာဝိသုဒ္ဓါရုံ၊ ပါဠိတက္ကသိုလ် ပဓါန နာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒ⊡ န္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) အမှူးပြုသော ပင့်သံဃာတော်(၁၀)ပါး တို့အား ဝန်ထမ်းမိသားစုများမှ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ အောက်ပါ အစီအစဉ်အတိုင်း တရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁-၈-၂၀၁၁ (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် (၉:၃၀)နာရီ
ကျင်းပမည့်နေရာ - အစည်းအဝေးခန်းမ၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)
အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အီလက်ထရောနစ် သတင်းလွှာအယ်ဒီတာအဖွဲ့မှ စီစဉ်ဖြန့်ဝေပါသည်။**